Utica မြို့ ရဲဌာန Facebook စာမျက်နှာ
ဇွန်လ ၂၉ ရက် စနေနေ့ ည ၉:၃၈ နာရီတွင် တင်ခဲ့ပါသည်
https://www.facebook.com/share/p/dLq1YkPmgUHNfH4G/

ကတိပြုထားသည့်အတိုင်း၊ ဤထုတ်ပြန်မှုတွင် အကြောင်းအရာများစွာ ပါဝင်ပါမည်။ သတင်းမီဒီယာအများအပြားသည် သေဆုံးသွားသော လူငယ်အား ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ကျွန်ုပ်တို့၏နားလည်သဘောပေါက်ထားပြီး ၎င်း၏အမည်မှာ Nyah Mway၊ အသက် ၁၃ နှစ်၊ Utica၊ NY မှဖြစ်ကြောင်း အတည်ပြုနိုင်ပါသည်။ ဤအချိန်ကာလအတွင်း ကျွန်ုပ်တို့၏ စိတ်နှလုံးထဲက သတိရခြင်း၊ ဆုတောင်းခြင်းများသည် သူ့မိသားစုနှင့်အတူ ရှိနေပါသည်။ ဤလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်နေစဉ်အတွင်း တရားဥပဒေအရခွင့်ပြုထားသည့်အတိုင်း မိသားစုနှင့် လူမှုအသိုင်းအဝိုင်းအတွက် ကျွန်ုပ်တို့သည် ပွင့်လင်းမြင်သာစွာ ဆက်လက်ဆောင်ရွက်သွားပါမည်။

ယမန်နေ့ညက အဖြစ်အပျက်တွင်ပါဝင်သည့် Crime Prevention Unit(မှုခင်းကာကွယ်ရေးအဖွဲ့)တွင် တာဝန်ပေးအပ်ခြင်းခံရသည့် Utica ရဲအရာရှိသုံးဦးမှာ Utica ရဲဌာန၏ ခြောက်နှစ်ကြာလုပ်သက်ရှိ Patrick Husnay ဖြစ်သည်ဟု ဖော်ထုတ်တွေ့ရှိခဲ့သည်။ အရာရှိ Husnay သည် လူငယ်အား ၎င်း၏ တာဝန်အရကိုင်ဆောင်သည့်လက်နက်ဖြင့် ပစ်ခတ်ခဲ့သည့် အရာရှိဖြစ်သည်။ လေးနှစ်ကြာလုပ်သက်ရှိ Bryce Patterson နှင့် Oneida County Sheriff's Office တွင် ယခင်က တာဝန်ထမ်းဆောင်ခဲ့သည့် နှစ်နှစ်ခွဲကြာ လုပ်သက်ရှိ Andrew Citriniti တို့ဖြစ်ပါသည်။

ဇွန်လ ၂၈ ရက်နေ့တွင် အဆိုပါအရာရှိများသည် သံသယရှိသူများမှာ အနက်ရောင် သေနတ်တစ်လက်ကို ကိုင်ဆောင်ဝှေ့ယမ်းပြီး ကျူးလွန်ခံရသူများထံမှ ပစ္စည်းများကို အတင်းအဓမ္မတောင်းယူပြီး ခိုးယူခဲ့သည့် အာရှသားအမျိုးသားများဟု ဖော်ပြထားသည့်၊ မကြာသေးမီကဖြစ်ထားသော အနည်းဆုံး လုယက်မှု စုံစမ်းစစ်ဆေးမှု နှစ်ခုတွင် Criminal Investigations Division (မှုခင်းစုံစမ်းစစ်ဆေးရေးဌာန) ("CID") ကို ကူညီရန် Shaw Street အနီးရှိ West Utica ဧရိယာတွင် ကင်းလှည့်နေခဲ့သည်။ ဇွန် ၂၇ ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တစ်ခုတွင် သံသယရှိသူများမှာ အာရှအမျိုးသားတစ်ဦးနှင့် အသားမည်းသော အမျိုးသားတစ်ဦးတို့ဖြစ်ပြီး တစ်ဦးမှာ ခြေလျင်နှင့် အခြားတစ်ဦးမှာ စက်ဘီးစီးသွားကြောင်း ဖော်ပြခဲ့သည်။ လုယက်မှုမှ သရုပ်ဖော်သတ်မှတ်ထားသည့်အချက်များအား အခြေခံ၍ ရဲအရာရှိများသည် ယခင်လုယက်မှုဖြစ်ပွားသည့် နေရာအနီးတစ်ဝိုက်တွင် တစ်ချိန်တည်းနီးပါးတွင်ရှိနေခဲ့ပြီး လုယက်မှုသံသယရှိသူများ၏ ဖော်ပြချက်များနှင့် ကိုက်ညီသည့် Nyah Mway နှင့် အခြားလူငယ်အား ချဉ်းကပ်ခဲ့သည်။ ထို့အပြင် သူသည် New York State Vehicle and Traffic Law 1156a (နယူးယောက်ပြည်နယ် ယာဉ်နှင့်လမ်းစည်းကမ်းဥပဒေ 1156a) ကိုချိုးဖောက်ပြီး ယာဉ်သွားလမ်းတွင် လမ်းလျှောက်နေခဲ့သည်။ ရပ်တန့်ခိုင်းသည့်အချိန်တွင် ရဲအရာရှိများသည် လုယက်မှုသံသယရှိသူများ၏ ဝိသေသလက္ခဏာများနှင့် ကိုက်ညီနေသည့်သူများကို မေးမြန်းဖော်ထုတ်ရန် Criminal Investigations Division (မှုခင်းစုံစမ်းစစ်ဆေးရေးဌာန)မှ

*Burmese*

*Translation from the City of Utica, Police Department Facebook Page. Posted Saturday June 29, 2024 at 9:38 PM.*
*https://www.facebook.com/share/p/dLq1YkPmgUHNfH4G/*

*Translation of this Facebook post has been provided by The Center's translation department, tone.*

တောင်းဆိုချက်များအား လိုက်နာဆောင်ရွက်လျက်ရှိပြီး ဖော်ပြခဲ့သည့်အတိုင်း လူငယ်နှစ်ဦးမှာ ကိုက်ညီနေသည်။ ထို့ကြောင့် ရဲအရာရှိများသည် အသက် ၁၃ နှစ်အရွယ် လူငယ်နှစ်ဦးအား ရပ်တန့်မှုလုပ်ဆောင်ရန် ကြိုးပမ်းခဲ့သည်။

ဤထုတ်ပြန်မှုနှင့်အတူပါရှိသော ကိုယ်ထည်တွင်ဝတ်ဆင်ထားသည့်ကင်မရာ (BWC) ဗီဒီယိုဖိုင်တွင် သရုပ်ဖော်ထားသည့်အတိုင်း ရဲအရာရှိများက Nyah Mway အား လက်ဖြင့်ပုတ်စမ်း၍ရှာဖွေရန် သွားရောက်သည့်အခါ သူသည် ချက်ခြင်းပင် ထွက်ပြေးခဲ့ပါသည်။ ထွက်ပြေးစဉ်တွင် သူသည် ၎င်း၏ခန္ဓာကိုယ်ရှေ့မှ GLOCK ကျည်ဆန်သေနတ်တစ်လက်နှင့် ပုံစံတူကို ဆွဲထုတ်ခဲ့ပြီး ရဲအရာရှိ Patterson ၏ BWC တွင် 51 နှင့် 53 စက္ကန့်အမှတ်အတွင်း ရဲအရာရှိ Patterson နှင့် အခြားရဲအရာရှိများအား လက်နက်ဖြင့် တည့်တည့်ချိန်ရွယ်ခဲ့သည်။

မည်သည့် ရဲအရာရှိပါဝင်သည့်ပစ်ခတ်မှုစုံစမ်းစစ်ဆေးခြင်းတွင်မဆို ပစ်ခတ်မှုသည် ပြည်နယ်ဥပဒေများကို ချိုးဖောက်ခြင်း ရှိမရှိ ဆုံးဖြတ်ရန်မှာ NYS Attorney General's Office of Special Investigations ၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်ဖြစ်သော်လည်း ပွင့်လင်းမြင်သာမှုရှိရန် ကျွန်ုပ်တို့၏ကတိကဝတ်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ယခုအချိန်တွင် ကျွန်ုပ်တို့ရရှိနိုင်သော အထောက်အထား အပြည့်အစုံကို လူသိရှင်ကြား မျှဝေခြင်းအား သေချာစေရန်  လုပ်ဆောင်သင့်သည်ဟု ကျွန်ုပ်တို့ ခံစားရပါသည်။

ဤထုတ်ပြန်မှုတွင် ကျွန်ုပ်တို့သည် အများပြည်သူအားမျှဝေနေသည့် အထောက်အထားများစွာပါရှိသည်။ မည်သူမဆို ကလစ်နှိပ်၍ ပါဝင်သည့်အရာအားလုံးနှင့် BWC ဗီဒီယိုဖိုင်အား ကြည့်ရှုနိုင်စေရန်အတွက် Google Drive လင့်ခ်တစ်ခု ထည့်သွင်းထားပါသည်။ လင့်ခ်တွင် လက်ကိုင်သေနတ်ကိုပြသသည့် ဖိုင်တွဲတစ်ခုနှင့် ကိုယ်ထည်တွင်ဝတ်ဆင်ထားသော ကင်မရာဗီဒီယိုများကို ပြသသည့် အခြားဖိုင်များ ပါဝင်လိမ့်မည်။

ဤစုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်ပြီး အများပြည်သူတွင် ရှိနိုင်သည့်မေးခွန်းအားလုံးကို ဤအရာက ဖြေရှင်းလိမ့်မည် မဟုတ်ကြောင်း သေချာပေါက်နားလည်ထားသော်လည်း၊ ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း၊ လက်ရှိတွင် တစ်ပြိုင်နက် ပြုလုပ်နေသော စုံစမ်းစစ်ဆေးမှု နှစ်ခုရှိပါသည်- NYS Attorney General's နှင့် Utica Police Department's ၏ ပရော်ဖက်ရှင်နယ်စံနှုန်းများ ဌာနတွင်းစုံစမ်းစစ်ဆေးမှုတို့ဖြစ်သည်။ ဤစုံစမ်းစစ်ဆေးမှုများအပြီးတွင် သမာသမတ်ကျသော၊ တရားမျှတပြီး စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးမှုတစ်ခု ပြီးမြောက်မည်ဖြစ်ပြီး ကျန်ရှိနေသေးသောမေးခွန်းများ အတွက် အဖြေများပေးရန်မှာ ကျွန်ုပ်တို့၏ ရိုးသားစစ်မှန်သောဆန္ဒဖြစ်ပါသည်။

နောက်ထပ်အခြေအနေအသစ်များကို ရရှိသည်နှင့် တောင်းဆိုထားသည့်အတိုင်း ထုတ်ပြန်မည်ဖြစ်ပြီး၊ ဤအချိန်တွင် ကျွန်ုပ်တို့သည် တရားဥပဒေအရခွင့်ပြုထားသည်များကို ဆွေးနွေးရန် ကျွန်ုပ်တို့၏တံခါးများကို အမြဲဖွင့်ထားပါသည်။
https://drive.google.com/drive/folders/1Pox0_Tpfyv7Qx0NqSwsXn7x4JrhY9368?fbclid=IwZXh0bgNhZW0CMTAAAR12PV5qnAfZh6CbTJD2QGj9W-jF_5u9YcwyKVfB1lutD-3R41mJ0mOV72E_aem_rew9SrkrrLha9ode4rKeUw

*Burmese*

*Translation from the City of Utica, Police Department Facebook Page. Posted Saturday June 29, 2024 at 9:38 PM.*
*https://www.facebook.com/share/p/dLq1YkPmqUHNfH4G/*

*Translation of this Facebook post has been provided by The Center's translation department, tone.*